၂၀၂၆ခုနှစ်၊ ဇန်နဝါရီလ (၂၄) ရက်နေ့တွင် ဉာဏ်လင်းသစ်သုတေသနအဖွဲ့မှ စီစဉ်ထုတ်ဝေသည်။

နွေဦးတော်လှန်ရေးကာလစတင်သည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှစ၍ စစ်အုပ်စုသည် လူမျိုးစု တော်လှန်ရေးအဖွဲ့အစည်းများနှင့် ပြည်သူ့ကာကွယ်ရေးတပ်များ အခြေစိုက်သည့် တပ်စခန်းများ၊ အရပ်သားများ စုဝေးသည့် အခမ်းအနားများ၊ ဆေးရုံဆေးခန်းများ၊ စာသင်ကျောင်းများ၊ ဘာသာရေး အဆောက်အဦများ၊ လူနေအဆောက်အဦများနှင့် ယာယီစစ်ရှောင်စခန်းများကိုပါ လေကြောင်းပစ်မှတ် များအဖြစ် တိုက်ခိုက်လျက်ရှိသည်။

လေ့လာတွေ့ရှိချက်များအရ စစ်အုပ်စုသည် (၁) လေကြောင်းစစ်ဆင်ရေးပြုလုပ်ခြင်း၊ (၂) မြေပြင်ထိုးစစ် ဆင်ရာတွင် လေကြောင်းဖြင့် ကူညီပစ်ခတ်ပေးခြင်း၊ (၃) ၎င်းတို့၏ စစ်စခန်းများ ထိုးစစ်ဆင်ခံရချိန်၊ စစ်ကြောင်းများတိုက်ခိုက်ခံရချိန်တွင် ကူညီပစ်ခတ်ပေးခြင်း၊ (၄) ကင်းထောက်ခြင်း (၅) တပ်သားဖြည့်တင်း ခြင်း/တပ်များပြောင်းရွှေ့နေရာချခြင်းနှင့် (၆) စစ်ရေးအရင်းအမြစ်ရိက္ခာများ ပို့ဆောင်ခြင်း စသည်တို့ကို လုပ်ဆောင်ရာတွင် တိုက်လေယာဉ်များ၊ ရဟတ်ယာဉ်များ၊ ဒရုန်းများနှင့် အခြားလေ့ကျင့်ရေးလေယာဉ်များ ကို သုံးစွဲလျက်ရှိသည်။ ထို့အပြင် စစ်အုပ်စုသည် စစ်ရေးပစ်မှတ်မဟုတ်သည့် အရပ်သားများကို ပစ်မှတ် ထားကာ လေကြောင်းတိုက်ခိုက်မှုများကိုလည်း ကျူးလွန်လျက်ရှိသည်။ အဆိုပါ လေကြောင်းတိုက်ခိုက်မှု များကြောင့် အရပ်သားများ ထိခိုက်သေဆုံးမှုမှာ ဆက်လက်မြင့်တက်လျက်ရှိသည်။

# စစ်အုပ်စု၏
# လေကြောင်းအသုံးပြုတိုက်ခိုက်မှုများ လေ့လာမှုအစီရင်ခံစာ
# [၂၀၂၅ ခုနှစ်၊ စက်တင်ဘာလမှ ဒီဇင်ဘာလအထိ]



၂၀၂၆ခုနှစ်၊ ဇန်နဝါရီလ (၂၄) ရက်နေ့တွင် ညဏ်လင်းသစ်သုတေသနအဖွဲ့မှ စီစဉ်ထုတ်ဝေသည်။


# ၂၀၂၅ခုနှစ်၊ စက်တင်ဘာလ မှ ဒီဇင်ဘာလအထိ လေကြောင်းတိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်များ

လေကြောင်းတိုက်ခိုက်မှု ဖြစ်ပွားခဲ့သည့်ရက်ပေါင်း **၁၂၁**

ဖြစ်စဉ်ပေါင်း **၇၁၂**

အနည်းဆုံး **၁ ရက် ၆ ခု**


၂၀၂၅ ခုနှစ်၊ စက်တင်ဘာလမှ ဒီဇင်ဘာလအထိ ရက်ပေါင်း ၁၂၂ ရက်တွင် စစ်အုပ်စုမှ ရက်ပေါင်း ၁၂၁ ရက် လေကြောင်းအသုံးပြုတိုက်ခိုက်ခဲ့သည်ကို တွေ့ရသည်။ ၎င်း ၄ လတာကာလအတွင်း စစ်အုပ်စုမှ ကျူးလွန်ခဲ့သောလေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်ပေါင်း ၇၁၂ ခု ရှိခဲ့ပြီး ပျမ်းမျှအားဖြင့် တရက်လျှင် လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ် အနည်းဆုံး ၆ ခု ရှိခဲ့သည်။ အဆိုပါ လေကြောင်းတိုက်ခိုက်မှုများအနက် ၆၄ ရာခိုင်နှုန်းကျော်မှာ အရပ်သားများကို ပစ်မှတ်ထားတိုက်ခိုက်သည့် ဖြစ်စဉ်များဖြစ်သည်။




၂၀၂၅ ခုနှစ်၊ စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်း စစ်အုပ်စု၏လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်နှင့် အရပ်သားထိခိုက်သေဆုံးမှုများ

၂၀၂၆ခုနှစ်၊ ဇန်နဝါရီလ (၂၄) ရက်နေ့တွင် ဉာဏ်လင်းသစ်သုတေသနအဖွဲ့မှ စီစဉ်ထုတ်ဝေသည်။

# ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလမှ ဒီဇင်ဘာလ အထိ (၄)လတာကာလအတွင်း စစ်အုပ်စုမှ လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သည့် ဖြစ်စဉ်အရေအတွက်




## မြို့နယ် ဖြစ်စဉ်

ကျောက်မဲ ၃၄

တန့်ဆည်ရှိ ၂၆

ဗမဲ ၂၆

စဉ့်ကူး ၂၅

ဗန်းမောက် ၂၄

## မြို့နယ် သေဆုံးမှု

သပိတ်ကျင်း ၃၇

မြောက်ဦး ၃၃

ဝက်လက် ၂၉

စဉ့်ကူး ၂၉

ခင်ဦး ၂၈

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်း လေကြောင်းအသုံးပြု တိုက်ခိုက်မှုဖြစ်စဉ်အများဆုံးဖြစ်ပွားခဲ့သည့် ဒေသများအဖြစ် စစ်ကိုင်းတွင် ၁၅၅ ခု၊ မန္တလေးတွင် ၉၃ ခု၊ မကွေးတွင် ၈၈ ခု၊ ရှမ်း (မြောက်)တွင် ၇၂ ခု၊ ကချင်တွင် ၆၄ ခု၊ ရခိုင်တွင် ၄၉ ခု၊ ချင်းတွင် ၄၈ ခု၊ တနင်္သာရီတွင် ၄၆ ခု၊ ကရင်တွင် ၂၉ ခု၊ ပဲခူး (အနောက်)တွင် ၂၆ ခု၊ ကရင်နီတွင် ၁၂ ခု၊ ပဲခူး (အရှေ့)တွင် ၁၁ ခု၊ ဧရာဝတီတွင် ၁၀ ခု၊ ရှမ်း (တောင်)တွင် ၆ ခုနှင့် မွန်တွင် ၃ ခုစီ ဖြစ်ပွားခဲ့ကြောင်း တွေ့ရှိရသည်။ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်း စစ်အုပ်စု၏ လေကြောင်း တိုက်ခိုက်မှုကြောင့် အရပ်သားသေဆုံးသူ ၅၀၈ ဦး၊ ဒဏ်ရာရရှိသူ ၉၅၈ ဦး ရှိခဲ့သည့်အပြင် အနည်းဆုံး ဘာသာရေးအဆောက်အဦ ၄၁ ခု၊ စာသင်ကျောင်း ၃၆ ကျောင်းနှင့် ဆေးရုံ၊ ဆေးခန်း ၇ ခု တို့ ထိခိုက်ပျက်စီးခဲ့ပါသည်။ ထို့အပြင် ပြည်သူပိုင်နေအိမ်များ၊ ယာဉ်များ၊ ကျွဲ၊ နွားတိရစ္ဆာန်များနှင့် စိုက်ခင်းများ ထိခိုက်ပျက်စီးမှုအများအပြားရှိခဲ့သည်။


**သေဆုံး**

| | |
|---|---|
| ကျား | ၁၆၀ ဦး |
| မ | ၁၂၉ ဦး |
| ကလေး | ၈၈ ဦး |
| ကျား/မ မသိရ | ၁၃၁ ဦး |

**ဒဏ်ရာရရှိသူ**

| | |
|---|---|
| ကျား | ၁၇၀ ဦး |
| မ | ၁၃၆ ဦး |
| ကလေး | ၇၈ ဦး |
| ကျား/မ မသိရ | ၅၇၅ ဦး |

**၂၀၂၅ ခုနှစ်၊ စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်း စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုများကြောင့် သေဆုံးဒဏ်ရာရခဲ့သည့် အရပ်သားအရေအတွက်**




| | ကချင် | ကရင် | ကရင်နီ | ချင်း | စစ်ကိုင်း | တနင်္သာရီ | ပဲခူး (အနောက်) | ပဲခူး (အရှေ့) | မကွေး | မန္တလေး | မွန် | ရခိုင် | ရှမ်း (တောင်) | ရှမ်း (မြောက်) | ဧရာဝတီ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ဖြစ်စဉ် | ၆၄ | ၂၉ | ၁၂ | ၄၈ | ၁၅၅ | ၄၆ | ၂၆ | ၁၁ | ၈၈ | ၉၃ | ၃ | ၄၉ | ၆ | ၇၂ | ၁၀ | ၇၁၂ |
| အကြိမ်ရေ | ၁၀၅ | ၃၂ | ၁၆ | ၈၅ | ၃၂၈ | ၅၇ | ၂၈ | ၂၃ | ၂၀၂ | ၁၄၁ | ၃ | ၆၀ | ၇ | ၇၈ | ၁၃ | ၁၁၇၈ |
| သေဆုံး | ၃၆ | ၀ | ၆ | ၁၀ | ၁၅၅ | ၆ | ၃ | ၃ | ၂ | ၉၁ | ၅ | ၁၀၇ | ၀ | ၅၈ | ၂၆ | ၅၀၈ |
| ဒဏ်ရာရ | ၄၆ | ၇ | ၁၆ | ၈၄ | ၃၂၄ | ၂၉ | ၃ | ၃ | ၂၅ | ၁၅၆ | ၈ | ၁၇၆ | ၀ | ၇၇ | ၄ | ၉၅၈ |

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်း ဒေသအလိုက် စစ်အုပ်စု၏လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်၊ အကြိမ်အရေအတွက်နှင့် အရပ်သားထိခိုက်သေဆုံးမှုများ

စစ်အုပ်စုသည် အရပ်သားများကို ပစ်မှတ်ထားကာ လေကြောင်းတိုက်ခိုက်မှုများအပြင် ဒရုန်း၊ အင်ဂျင်တပ် လေထီးနှင့် ဂျိုင်ရိုကော်ပတာများအသုံးပြုကာ တိုက်ခိုက်မှုများလည်း ပြုလုပ်ခဲ့သည်။ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်း စစ်အုပ်စုမှ အရပ်သားများကို ပစ်မှတ်ထားသော ဒရုန်းအသုံးပြု တိုက်ခိုက်မှုဖြစ်စဉ် ၁၀၅ ခု လုပ်ဆောင်ခဲ့သည်။ အများဆုံးဖြစ်ပွားခဲ့သည့် ဒေသများအဖြစ် ပဲခူး (အရှေ့) တွင် ၁၄ ခု၊ ကရင်တွင် ၁၃ ခု၊ မန္တလေး နှင့် စစ်ကိုင်းတွင် ၁၁ ခု၊ ကချင်တွင် ၁၀ ခု၊ ကရင်နီတွင် ၉ ခု၊ ရခိုင်တွင် ၈ ခု၊ တနင်္သာရီ၊ ပဲခူး (အနောက်)နှင့် မကွေးတွင် ၇ ခု၊ ရှမ်း (မြောက်)တွင် ၅ ခုနှင့် ရှမ်း (တောင်)တွင် ၃ ခုစီ အသီးသီးရှိခဲ့သည်။ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်း ဒရုန်းအသုံးပြု တိုက်ခိုက်မှုကြောင့် အရပ်သားသေဆုံးသူ ၆၄ ဦး၊ ဒဏ်ရာရရှိသူ ၁၀၈ ဦး ရှိခဲ့သည့်အပြင် အနည်းဆုံး ဘာသာရေးအဆောက်အဦ ၆ ခု၊ စာသင်ကျောင်း ၆ ကျောင်းနှင့် ဆေးရုံ၊ ဆေးခန်း ၂ ခုတို့ ထိခိုက်ပျက်စီးခဲ့ပါသည်။ ထို့အပြင် ပြည်သူပိုင်နေအိမ်များ ထိခိုက်ပျက်စီးမှုများလည်း ရှိခဲ့သည်။


**သေဆုံး**

| | |
|---|---|
| ကျား | ၂၂ ဦး |
| မ | ၁၉ ဦး |
| ကလေး | ၆ ဦး |
| ကျား/မ မသိရ | ၁၇ ဦး |

**ဒဏ်ရာရရှိ**

| | |
|---|---|
| ကျား | ၁၅ ဦး |
| မ | ၂၃ ဦး |
| ကလေး | ၁၁ ဦး |
| ကျား/မ မသိရ | ၅၉ ဦး |

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်း စစ်အုပ်စု၏ ဒရုန်းတိုက်ခိုက်မှုများကြောင့် သေဆုံး ဒဏ်ရာရခဲ့သည့် အရပ်သားအရေအတွက်




| | ကချင် | ကရင် | ကရင်နီ | ချင်း | စစ်ကိုင်း | တနင်္သာရီ | ပဲခူး (အနောက်) | ပဲခူး (အရှေ့) | မကွေး | မန္တလေး | မွန် | ရခိုင် | ရှမ်း (တောင်) | ရှမ်း (မြောက်) | ရာဝတီ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ဖြစ်စဉ် | ၁၀ | ၁၃ | ၉ | ၀ | ၁၁ | ၇ | ၇ | ၁၄ | ၇ | ၁၁ | ၀ | ၈ | ၃ | ၅ | ၀ | ၁၀၅ |
| သေဆုံး | ၇ | ၀ | ၃ | ၀ | ၅ | ၀ | ၅ | ၅ | ၄ | ၂၇ | ၀ | ၄ | ၃ | ၁ | ၀ | ၆၄ |
| ဒဏ်ရာရ | ၁၀ | ၇ | ၁၁ | ၀ | ၁၇ | ၆ | ၈ | ၇ | ၂ | ၃၃ | ၀ | ၅ | ၂ | ၀ | ၀ | ၁၀၈ |

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်း ဒေသအလိုက် စစ်အုပ်စု၏ ဒရုန်းတိုက်ခိုက်မှုဖြစ်စဉ်နှင့် အရပ်သားထိခိုက်သေဆုံးမှုများ

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်း စစ်အုပ်စုမှ အရပ်သားများကို ပစ်မှတ်ထားသော အင်ဂျင်တပ်လေထီးအသုံးပြုတိုက်ခိုက်မှုဖြစ်စဉ် ၇၉ ခု ကျူးလွန်ခဲ့သည်။ ဖြစ်ပွားခဲ့သည့် ဒေသများအဖြစ် ပဲခူး (အနောက်) တွင် ၂၄ ခု၊ မကွေးတွင် ၂၀ ခု၊ စစ်ကိုင်းနှင့် မန္တလေးတွင် ၁၆ ခု၊ ပဲခူး (အရှေ့)၊ ရှေ့ဝတီနှင့် ရခိုင်ဒေသတို့တွင် ၁ ခုစီ ရှိခဲ့သည်။ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်း အင်ဂျင်တပ်လေထီးအသုံးပြုတိုက်ခိုက်မှုကြောင့် အရပ်သား ၆၅ ဦး သေဆုံးကာ ၁၄၂ ဦး ဒဏ်ရာရရှိခဲ့သည်။ ထို့အပြင် အနည်းဆုံး ဘာသာရေးအဆောက်အဦ ၅ ခု၊ စာသင်ကျောင်း ၃ ကျောင်းနှင့် ဆေးရုံ/ဆေးခန်း ၂ ခု ထိခိုက်ပျက်စီးခဲ့သည်။ ထို့အပြင် ပြည်သူပိုင်နေအိမ်များ ထိခိုက်ပျက်စီးခဲ့သည်။


**သေဆုံး**

| | |
|---|---|
| ကျား | ၃၁ ဦး |
| မ | ၁၁ ဦး |
| ကလေး | ၁၀ ဦး |
| ကျား/မ မသိရ | ၁၃ ဦး |

**ဒဏ်ရာရရှိ**

| | |
|---|---|
| ကျား | ၃၄ ဦး |
| မ | ၁၇ ဦး |
| ကလေး | ၂၄ ဦး |
| ကျား/မ မသိရ | ၆၇ ဦး |

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်း စစ်အုပ်စု၏ အင်ဂျင်တပ်လေထီးအသုံးပြုတိုက်ခိုက်မှုများကြောင့် သေဆုံးဒဏ်ရာရခဲ့သည့် အရပ်သား အရေအတွက်




| | ကချင် | ကရင် | ကရင်နီ | ချင်း | စစ်ကိုင်း | တနင်္သာရီ | ပဲခူး (အနောက်) | ပဲခူး (အရှေ့) | မကွေး | မန္တလေး | မွန် | ရခိုင် | ရှမ်း (တောင်) | ရှမ်း (မြောက်) | ရှေ့ဝတီ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ဖြစ်စဉ် | ၀ | ၀ | ၀ | ၀ | ၁၆ | ၀ | ၂၄ | ၁ | ၂၀ | ၁၆ | ၀ | ၁ | ၀ | ၀ | ၁ | ၇၉ |
| သေဆုံး | ၀ | ၀ | ၀ | ၀ | ၃၆ | ၀ | ၁၁ | ၂ | ၈ | ၇ | ၀ | ၀ | ၀ | ၀ | ၁ | ၆၅ |
| ဒဏ်ရာရ | ၀ | ၀ | ၀ | ၀ | ၉၂ | ၀ | ၁၄ | ၁ | ၂၃ | ၁၂ | ၀ | ၀ | ၀ | ၀ | ၀ | ၁၄၂ |

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်း ဒေသအလိုက် စစ်အုပ်စု၏ အင်ဂျင်တပ်လေထီးအသုံးပြုတိုက်ခိုက်မှုဖြစ်စဉ်နှင့် အရပ်သားထိခိုက်သေဆုံးမှုများ

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်း စစ်အုပ်စုမှ အရပ်သားများကို ပစ်မှတ်ထားသော ဂျိုင်ရိုကော်ပတာအသုံးပြုတိုက်ခိုက်မှုဖြစ်စဉ် ၃၆ ခု ကျူးလွန်ခဲ့သည်။ ဖြစ်ပွားခဲ့သည့် ဒေသများအဖြစ် စစ်ကိုင်းတွင် ၁၉ ခု၊ မကွေးတွင် ၁၅ ခုနှင့် ပဲခူး (အရှေ့)တွင် ၂ ခု ရှိခဲ့သည်။ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်း ဂျိုင်ရိုကော်ပတာအသုံးပြုတိုက်ခိုက်မှုကြောင့် အရပ်သား ၁၁ ဦး သေဆုံးကာ ၂၆ ဦး ဒဏ်ရာရရှိခဲ့သည်။ ထို့အပြင် ဘာသာရေးအဆောက်အဦ ၁ ခုနှင့် စာသင်ကျောင်း ၂ ကျောင်း ထိခိုက်ပျက်စီးခဲ့ပါသည်။ ထို့အပြင် ပြည်သူပိုင်နေအိမ် ထိခိုက်ပျက်စီးမှုများလည်း ရှိခဲ့သည်။


**သေဆုံး**

| | |
|---|---|
| ကျား | ၄ ဦး |
| မ | ၄ ဦး |
| ကလေး | ၂ ဦး |
| ကျား/မ မသိရ | ၁ ဦး |

**ဒဏ်ရာရရှိ**

| | |
|---|---|
| ကျား | ၈ ဦး |
| မ | ၃ ဦး |
| ကလေး | ၃ ဦး |
| ကျား/မ မသိရ | ၁၂ ဦး |

**၂၀၂၅ ခုနှစ်၊ စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်း စစ်အုပ်စု၏ ဂျိုင်ရိုကော်ပတာအသုံးပြုတိုက်ခိုက်မှုများကြောင့် သေဆုံးဒဏ်ရာရခဲ့သည့် အရပ်သား အရေအတွက်**




| | ကချင် | ကရင် | ကရင်နီ | ချင်း | စစ်ကိုင်း | တနင်္သာရီ | ပဲခူး (အနောက်) | ပဲခူး (အရှေ့) | မကွေး | မန္တလေး | မွန် | ရခိုင် | ရှမ်း (တောင်) | ရှမ်း (မြောက်) | ဧရာဝတီ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ဖြစ်စဉ် | ၀ | ၀ | ၀ | ၀ | ၁၉ | ၀ | ၀ | ၂ | ၁၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၃၆ |
| သေဆုံး | ၀ | ၀ | ၀ | ၀ | ၇ | ၀ | ၀ | ၁ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁၁ |
| ဒဏ်ရာရ | ၀ | ၀ | ၀ | ၀ | ၂၀ | ၀ | ၀ | ၁ | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂၆ |

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်း ဒေသအလိုက် စစ်အုပ်စု၏ ဂျိုင်ရိုကော်ပတာအသုံးပြုတိုက်ခိုက်မှုဖြစ်စဉ်နှင့် အရပ်သားထိခိုက်သေဆုံးမှုများ

# ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ဒီဇင်ဘာလအထိ လေကြောင်းတိုက်ခိုက်ခဲ့သည့်ဖြစ်စဉ်များ


## လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့သည့်ရက်ပေါင်း ၃၈ ဖြစ်စဉ်ပေါင်း ၈၃ အနည်းဆုံး ၄ ရက် ၁ ခု

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ဒီဇင်ဘာလအထိ ရက်ပေါင်း ၃၃၄ ရက်အတွင်း စစ်အုပ်စုက လေကြောင်းအသုံးပြု တိုက်ခိုက်ခဲ့သောရက်ပေါင်း ၃၈ ရက် ရှိခဲ့သည်။ လေကြောင်းအသုံးပြုတိုက်ခိုက်မှုဖြစ်စဉ် ၈၃ ခု ပြုလုပ်ခဲ့ရာ ၄ ရက်လျှင် လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ် ၁ ခုနှုန်း ဖြစ်ပွားခဲ့သည်ကို တွေ့ရသည်။ အများဆုံးဖြစ်ပွားခဲ့သည့် ဒေသများအဖြစ် ကချင်တွင် ၃၄ ခု၊ စစ်ကိုင်းတွင် ၂၁ ခု၊ ကရင်တွင် ၁၄ ခု အသီးသီးရှိခဲ့သည်။ ထို့အပြင် ကရင်နီတွင် ၅ ခု၊ ချင်းတွင် ၄ ခု၊ ရှမ်း (မြောက်) တွင် ၃ ခု၊ မကွေးတွင် ၂ ခုနှင့် ပဲခူး (အရှေ့) တွင် ၂ ခု စီ ဖြစ်ပွားခဲ့ကြောင်း တွေ့ရှိရသည်။ အဆိုပါဖြစ်စဉ်များကြောင့် အရပ်သားသေဆုံးသူ ၆၃ ဦး၊ ဒဏ်ရာရရှိသူ ၄၂ ဦး ရှိခဲ့ပြီး ဘာသာရေးအဆောက်အဦ ၈ ခု၊ စာသင်ကျောင်း ၇ ကျောင်းနှင့် ဆေးရုံ၊ ဆေးခန်း ၄ ခု တို့ ထိခိုက်ပျက်စီးခဲ့ပါသည်။ ထို့အပြင် ပြည်သူပိုင်နေအိမ်များ၊ ယာဉ်များ၊ ကျွဲ၊ နွား တိရစ္ဆာန်များနှင့် စိုက်ခင်းများ ထိခိုက်ပျက်စီးမှုအများအပြားရှိခဲ့သည်။

### ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ဒီဇင်ဘာလအတွင်း စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုများကြောင့် သေဆုံးဒဏ်ရာရခဲ့သည့် အရပ်သားအရေအတွက် အများဆုံးဖြစ်ခဲ့သော ဒေသများ

| အများဆုံးထိခိုက်ခဲ့သောဒေသများ | သေဆုံး | ဒဏ်ရာရ |
|---|---|---|
| စစ်ကိုင်း | ၂၅ ဦး | ၉ ဦး |
| ပဲခူး(အရှေ့) | ၁၇ ဦး | ၁၆ ဦး |
| ကရင် | ၄ ဦး | ၉ ဦး |
| ကချင် | ၉ ဦး | ၁ ဦး |
| မကွေး | ၇ ဦး | |

NYAN LYNN THIT ANALYTICA




၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ဒီဇင်ဘာလအတွင်း စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ဆေးရုံ၊ စာသင်ကျောင်း၊ ဘာသာရေးအဆောက်အဦပျက်စီးမှုအရေအတွက်

၂၀၂၆ခုနှစ်၊ ဇန်နဝါရီလ (၂၄) ရက်နေ့တွင် ညဏ်လင်းသစ်သုတေသနအဖွဲ့မှ စီစဉ်ထုတ်ဝေသည်။

# ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ လေကြောင်းတိုက်ခိုက်ခဲ့သည့်ဖြစ်စဉ်များ

လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့သည့်ရက်ပေါင်း **၂၀၅**


ဖြစ်စဉ်ပေါင်း **၃၃၉**

အနည်းဆုံး **၁ ရက် ၁ ခု**

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ရက်ပေါင်း ၃၆၅ ရက်အတွင်း စစ်အုပ်စုက လေကြောင်းအသုံးပြုတိုက်ခိုက်ခဲ့သောရက်ပေါင်း ၂၀၅ ရက် ရှိခဲ့သည်။ လေကြောင်းအသုံးပြုတိုက်ခိုက်မှုဖြစ်စဉ် ၃၃၉ ခု ပြုလုပ်ခဲ့ရာ ပျမ်းမျှအားဖြင့် ၁ ရက်လျှင် လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ် ၁ ခုနီးပါး ဖြစ်ပွားခဲ့သည်ကို တွေ့ရသည်။ အများဆုံးဖြစ်ပွားခဲ့သည့်ဒေသများအဖြစ် စစ်ကိုင်းတွင် ၁၂၅ ခု၊ ကရင်တွင် ၅၉ ခု၊ ကရင်နီတွင် ၃၀ ခု၊ ကချင်နှင့် မကွေးတွင် ၂၄ ခုစီ အသီးသီးရှိခဲ့သည်။ ထို့အပြင် ရခိုင်တွင် ၁၉ ခု၊ ချင်းတွင် ၁၈ ခု၊ ရှမ်း (မြောက်) တွင် ၁၇ ခု၊ ပဲခူး (အရှေ့) တွင် ၁၁ ခု၊ ရှမ်း (တောင်) တွင် ၆ ခု၊ မွန်တွင် ၅ ခုနှင့် မန္တလေးတွင် ၁ ခုစီ ဖြစ်ပွားခဲ့ကြောင်း တွေ့ရှိရသည်။ အဆိုပါဖြစ်စဉ်များကြောင့် အရပ်သားသေဆုံးသူ ၂၆၀ ဦး၊ ဒဏ်ရာရရှိသူ ၈၅ ဦး ရှိခဲ့ပြီး ဘာသာရေးအဆောက်အဦ ၂၀ ခု၊ စာသင်ကျောင်း ၁၄ ကျောင်းနှင့် ဆေးရုံ၊ ဆေးခန်း ၇ ခုတို့ ထိခိုက်ပျက်စီးခဲ့ပါသည်။ ထို့အပြင် ပြည်သူပိုင်နေအိမ်များ၊ ယာဉ်များ၊ ကျွဲ၊ နွားတိရစ္ဆာန်များနှင့် စိုက်ခင်းများ ထိခိုက်ပျက်စီးမှုအများအပြားရှိခဲ့သည်။

## ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုများကြောင့် သေဆုံးဒဏ်ရာရခဲ့သည့် အရပ်သားအရေအတွက် အများဆုံးဖြစ်ခဲ့သော ဒေသများ

| အများဆုံးဖြစ်ပွားခဲ့သောဒေသများ | သေဆုံး | ဒဏ်ရာရ |
|---|---|---|
| စစ်ကိုင်း | ၁၅၉ ဦး | ၁၉ ဦး |
| ကချင် | ၇၃ ဦး | ၉ ဦး |
| ကရင် | ၅ ဦး | ၂၅ ဦး |
| ကရင်နီ | ၁၁ ဦး | ၉ ဦး |
| မကွေး | ၅ ဦး | ၉ ဦး |




၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ဆေးရုံ၊ စာသင်ကျောင်း၊ ဘာသာရေးအဆောက်အဦပျက်စီးမှုအရေအတွက်

NYAN LYNN THIT ANALYTICA


# ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ လေကြောင်းတိုက်ခိုက်ခဲ့သည့်ဖြစ်စဉ်များ

လေကြောင်းတိုက်ခိုက်မှု ဖြစ်ပွားခဲ့သည့်ရက်ပေါင်း **၃၀၈** ဖြစ်စဉ်ပေါင်း **၁၂၂၈** အနည်းဆုံး **၁ ရက် ၃ ခု**

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ရက်ပေါင်း ၃၆၅ ရက်အတွင်း စစ်အုပ်စုမှ လေကြောင်းအသုံးပြု တိုက်ခိုက်ခဲ့သည့် ရက်ပေါင်း ၃၀၈ ရက် ရှိခဲ့ပြီး နေ့စဉ်ရက်ဆက်နီးပါး လေကြောင်းအသုံးပြုတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ၂၀၂၃ ခုနှစ်အတွင်း လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ် စုစုပေါင်း ၁၂၂၈ ခု ရှိခဲ့ပြီး ပျမ်းမျှအားဖြင့် ၁ ရက်လျှင် လေကြောင်းတိုက်ခိုက်ခဲ့သည့် ဖြစ်စဉ် အနည်းဆုံး ၃ ခု ရှိခဲ့သည်။ အများဆုံးဖြစ်ပွားခဲ့သည့်ဒေသများအဖြစ် ရှမ်း(မြောက်) တွင် ၂၈၉ ခု၊ စစ်ကိုင်းတွင် ၂၇၈ ခု၊ ကရင်နီတွင် ၁၃၁ ခု၊ ချင်းတွင် ၁၀၄ ခု၊ ကရင်တွင် ၉၇ ခု၊ ပဲခူး(အရှေ့)တွင် ၉၅ ခု၊ ကချင်တွင် ၆၈ ခုနှင့် မကွေးတွင် ၅၃ ခု စီ အသီးသီးရှိခဲ့သည်။ ထို့အပြင် ရှမ်း (တောင်) တွင် ၃၉ ခု၊ ရခိုင်တွင် ၃၆ ခု၊ မွန်တွင် ၁၈ ခု၊ မန္တလေးတွင် ၁၆ ခု၊ တနင်္သာရီတွင် ၂ ခု၊ ပဲခူး(အနောက်)နှင့် နေပြည်တော်တွင် ၁ ခုစီ ဖြစ်ပွားခဲ့ကြောင်း တွေ့ရှိရသည်။ အဆိုပါဖြစ်စဉ်များကြောင့် အရပ်သားသေဆုံးမှု ၆၁၃ ဦး၊ ဒဏ်ရာရရှိသူ ၇၅၁ ဦး ရှိခဲ့ပြီး ဘာသာရေးအဆောက်အဦ ၁၀၉ ခု၊ စာသင်ကျောင်း ၅၅ ကျောင်းနှင့် ဆေးရုံဆေးခန်း ၁၇ ခု ထိခိုက်ပျက်စီးခဲ့ပါသည်။ ထို့အပြင် ပြည်သူပိုင်နေအိမ်များ၊ ယာဉ်များ၊ ကျွဲ၊ နွားတိရစ္ဆာန်များနှင့် စိုက်ခင်းများ ထိခိုက်ပျက်စီးမှုအများအပြားရှိခဲ့သည်။

### ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုများကြောင့် သေဆုံးဒဏ်ရာရခဲ့သည့် အရပ်သားအရေအတွက် အများဆုံးဖြစ်ခဲ့သော ဒေသများ

| အများဆုံးထိခိုက်ခဲ့သောဒေသများ | သေဆုံး | ဒဏ်ရာရ |
|---|---|---|
| စစ်ကိုင်း | ၂၈၉ ဦး | ၁၉၈ ဦး |
| ရှမ်း(မြောက်) | ၁၁၀ ဦး | ၁၉၅ ဦး |
| ချင်း | ၄၈ ဦး | ၉၂ ဦး |
| ကရင်နီ | ၄၁ ဦး | ၅၉ ဦး |
| ပဲခူး(အရှေ့) | ၃၆ ဦး | ၅၄ ဦး |




၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုကြောင့်
ဆေးရုံ၊ စာသင်ကျောင်း၊ ဘာသာရေးအဆောက်အဦ ပျက်စီးမှုအရေအတွက်

NYAN LYNN THIT ANALYTICA

၂၀၂၆ခုနှစ်၊ ဇန်နဝါရီလ (၂၄) ရက်နေ့တွင် ညဏ်လင်းသစ်သုတေသနအဖွဲ့မှ စီစဉ်ထုတ်ဝေသည်။

# ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ လေကြောင်းတိုက်ခိုက်ခဲ့သည့်ဖြစ်စဉ်များ


လေကြောင်းတိုက်ခိုက်မှု ဖြစ်ပွားခဲ့သည့်ရက်ပေါင်း **၃၆၃** ဖြစ်စဉ်ပေါင်း **၂၁၀၄** အနည်းဆုံး **၁ ရက် ၇ ခု**

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ရက်ပေါင်း ၃၆၆ ရက်အတွင်း စစ်အုပ်စုမှ လေကြောင်းအသုံးပြု တိုက်ခိုက်ခဲ့သည့် ရက်ပေါင်း ၃၆၃ ရက် ရှိခဲ့ပြီး နေ့စဉ်ရက်ဆက်နီးပါး လေကြောင်းအသုံးပြု တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။ ၂၀၂၄ ခုနှစ်အတွင်း လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ် စုစုပေါင်း ၂၁၀၄ ခု ရှိခဲ့ပြီး ပျမ်းမျှအားဖြင့် ၁ ရက်လျှင် လေကြောင်းတိုက်ခိုက်ခဲ့သည့် ဖြစ်စဉ် အနည်းဆုံး ၇ ခု ရှိခဲ့သည်။ အများဆုံးဖြစ်ပွားခဲ့သည့်ဒေသများအဖြစ် ရခိုင်တွင် ၅၈၃ ခု၊ ရှမ်း (မြောက်) တွင် ၃၆၄ ခု၊ စစ်ကိုင်းတွင် ၂၉၈ ခု၊ ကချင်တွင် ၂၇၀ ခု၊ မန္တလေးတွင် ၂၅၂ ခု၊ ချင်းတွင် ၁၇၇ ခု၊ ကရင်တွင် ၁၅၁ ခု၊ မကွေးတွင် ၁၁၂ ခုနှင့် ရှမ်း (တောင်) တွင် ၁၀၄ ခု ရှိခဲ့သည်။ ထို့အပြင် တနင်္သာရီတွင် ၇၄ ခု၊ ကရင်နီတွင် ၅၀ ခု၊ ပဲခူး (အရှေ့)တွင် ၄၂ ခု၊ မွန်တွင် ၂၆ ခုနှင့် ပဲခူး (အနောက်) တွင် ၁ ခု ဖြစ်ပွားခဲ့ကြောင်း တွေ့ရှိရသည်။ အဆိုပါ ဖြစ်စဉ်များကြောင့် အရပ်သားသေဆုံးမှု ၁၂၈၈ ဦး၊ ဒဏ်ရာရရှိသူ ၂၅၈၈ ဦး ရှိခဲ့ပြီး ဘာသာရေးအဆောက်အဦ ၁၆၅ ခု၊ စာသင်ကျောင်း ၉၈ ကျောင်းနှင့် ဆေးရုံဆေးခန်း ၃၄ ခု ထိခိုက်ပျက်စီးခဲ့ပါသည်။ ထို့အပြင် ပြည်သူပိုင်နေအိမ်များ၊ ယာဉ်များ၊ ကျွဲ၊ နွားတိရစ္ဆာန်များနှင့် စိုက်ခင်းများ ထိခိုက်ပျက်စီးမှု အများအပြားရှိခဲ့သည်။

### ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုများကြောင့် သေဆုံးဒဏ်ရာရခဲ့သည့် အရပ်သားအရေအတွက် အများဆုံးဖြစ်ခဲ့သော ဒေသများ

အများဆုံးထိခိုက်ခံခဲ့ရသောဒေသများ

| | သေဆုံး | ဒဏ်ရာရ |
|---|---|---|
| ရခိုင် | ၃၈၅ ဦး | ၇၁၁ ဦး |
| စစ်ကိုင်း | ၁၉၄ ဦး | ၄၄၄ ဦး |
| ရှမ်း[မြောက်] | ၂၄၃ ဦး | ၃၄၄ ဦး |
| မန္တလေး | ၁၆၈ ဦး | ၃၄၆ ဦး |
| မကွေး | ၇၆ ဦး | ၁၆၉ ဦး |




၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ဆေးရုံ၊ စာသင်ကျောင်း၊ ဘာသာရေးအဆောက်အဦ ပျက်စီးမှုအရေအတွက်

၂၀၂၆ခုနှစ်၊ ဇန်နဝါရီလ (၂၄) ရက်နေ့တွင် ဉာဏ်လင်းသစ်သုတေသနအဖွဲ့မှ စီစဉ်ထုတ်ဝေသည်။


# ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလအထိ လေကြောင်းတိုက်ခိုက်ခဲ့သည့်ဖြစ်စဉ်များ

လေကြောင်းတိုက်ခိုက်မှု ဖြစ်ပွားခဲ့သည့်ရက်ပေါင်း **၁၂၉၅**

ဖြစ်စဉ်ပေါင်း **၆၅၉၁**


အနည်းဆုံး **၁ရက် ၅ခု**

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ မှ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလအထိ ရက်ပေါင်း ၁၇၉၅ ရက် အတွင်း စစ်အုပ်စုမှ လေကြောင်းအသုံးပြုတိုက်ခိုက်ခဲ့သော ရက်ပေါင်း ၁၂၉၅ ရက်ရှိခဲ့ပြီး လေကြောင်းအသုံးပြုတိုက်ခိုက်မှု ဖြစ်စဉ် စုစုပေါင်း ၆၅၉၁ ခု ရှိခဲ့ပါသည်။ စစ်အုပ်စု၏ လေကြောင်းစစ်ဆင်ရေးများကြောင့် အရပ်သား သေဆုံးမှု စုစုပေါင်း ၃၉၅၇ ဦး နှင့် ဒဏ်ရာရရှိသူ ၇၀၃၅ ဦး ရှိကြောင်းတွေ့ရှိရပါသည်။ ၄ နှစ်ကျော်ကာလ အတွင်း စစ်အုပ်စု၏ လေကြောင်းစစ်ဆင်ရေးလှုပ်ရှားမှုကို နှိုင်းယှဉ်လေ့လာကြည့်ပါက လေကြောင်း အသုံးပြုတိုက်ခိုက်မှုနှုန်းမှာ တနှစ်ထက်တနှစ် ပိုမိုမြင့်တက်လာသည်နှင့်အမျှ အရပ်သားများသေဆုံး ဒဏ်ရာရမှုနှင့် အဆောက်အဦထိခိုက်ပျက်စီးမှုအရေအတွက်မှာလည်း တိုးမြင့်လျက်ရှိသည်ကို တွေ့ရ ပါသည်။





၂၀၂၁၊ ဖေဖော်ဝါရီလမှ ၂၀၂၅၊ ဒီဇင်ဘာလအထိ စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်နှင့် အကြိမ်ရေကို နှိုင်းယှဉ်ပြပုံ


၂၀၂၆ခုနှစ်၊ ဇန်နဝါရီလ (၂၄) ရက်နေ့တွင် ဉာဏ်လင်းသစ်သုတေသနအဖွဲ့မှ စီစဉ်ထုတ်ဝေသည်။




၂၀၂၁၊ ဖေဖော်ဝါရီလမှ ၂၀၂၅၊ ဒီဇင်ဘာလအတွင်း စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုများကြောင့် သေဆုံး၊ ဒဏ်ရာရခဲ့ရသည့် အရပ်သား အရေအတွက်




၂၀၂၁၊ ဖေဖော်ဝါရီလမှ ၂၀၂၅ ဒီဇင်ဘာလအတွင်း နှစ်အလိုက် စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်အရေအတွက်




၂၀၂၁၊ ဖေဖော်ဝါရီလမှ ၂၀၂၅ ဒီဇင်ဘာလအတွင်း စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ဆေးရုံ၊ စာသင်ကျောင်း၊ ဘာသာရေးအဆောက်အဦပျက်စီးမှုအရေအတွက်

၂၀၂၆ခုနှစ်၊ ဇန်နဝါရီလ (၂၄) ရက်နေ့တွင် ဤဏ်လင်းသစ်သုတေသနအဖွဲ့မှ စီစဉ်ထုတ်ဝေသည်။

# သုတေသနနည်းနာ

ဤအစီရင်ခံစာသည် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလမှ ဒီဇင်ဘာလအထိ ၄ လတာကာလအတွင်း စစ်အုပ်စု ကျူးလွန်ခဲ့သည့် လေကြောင်းတိုက်ခိုက်မှုများကြောင့် အရပ်သားထိခိုက်ဒဏ်ရာရမှုများ၊ သေဆုံးမှုများ၊ ဆေးရုံဆေးခန်းများ၊ စာသင်ကျောင်းများနှင့် ဘာသာရေးအဆောက်အဦများ ပျက်စီးဆုံးရှုံးခဲ့ရမှုများနှင့် ပတ်သက်၍ လေ့လာဆန်းစစ်ထားခြင်း ဖြစ်သည်။ တော်လှန်ရေးအဖွဲ့အစည်းများ၏ သတင်းထုတ်ပြန်ချက်များနှင့် လွတ်လပ်သော သတင်းမီဒီယာများမှ သတင်းအချက်အလက်များအပေါ် အခြေခံ၍ လေ့လာတင်ပြထားခြင်းဖြစ်ပြီး သတင်းမီဒီယာ စုစုပေါင်း ၄၃ ခုမှ ကောက်ယူထားခြင်းဖြစ်ပါသည်။

အစီရင်ခံစာတွင် ဖော်ပြထားသည့် လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်များကို ရေတွက်ရာတွင် တရက်အတွင်း နေရာ ၁ ခုကို လေကြောင်းတိုက်ခိုက်မှု ပြုလုပ်လျှင် ဖြစ်စဉ် ၁ ခုဖြစ်ပြီး တရက်အတွင်း နေရာ ၂ ခုကို တိုက်ခိုက်ပါက ဖြစ်စဉ် ၂ ခု အဖြစ် သတ်မှတ်သည်။ သို့သော် လေကြောင်းတိုက်ခိုက်မှုသည် တူညီသော ယာဉ်များမှ အနီးအနားရှိ နေရာများကို တပြိုင်နက် တဆက်တည်းတိုက်ခိုက်မှုဖြစ်ပါက ဖြစ်စဉ် ၁ ခု အဖြစ် ရေတွက်ပါသည်။ ဖြစ်စဉ်တခုအတွင်းမှ လေကြောင်းတိုက်ခိုက်မှုအကြိမ်အရေအတွက်ကို ရေတွက်ရာတွင် လေ့လာစောင့်ကြည့်သည့် လူမှုကွန်ယက်စာမျက်နှာများနှင့် သတင်းစာမျက်နှာများ၏ သတင်းထုတ်ပြန်မှုတွင် ဖော်ပြထားသည့် လေကြောင်းတိုက်ခိုက်မှုအကြိမ်ရေများအတိုင်း ထည့်သွင်းထားပြီး အကြိမ်ရေဖော်ပြထားခြင်းမရှိပါက ၁ ကြိမ်ဟု သတ်မှတ်ကောက်ယူသည်။

တော်လှန်ရေးအင်အားစုများ၏ ထုတ်ပြန်ချက်များနှင့် သတင်းမီဒီယာများမှ စောင့်ကြည့်လေ့လာကောက်ယူထားခြင်းဖြစ်သဖြင့် စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်များသည် မြေပြင်တွင် ပိုမိုများပြားနိုင်ပါသည်။

